သတင်းထုတ်ပြန်ချက်: တနောသရီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မဟာမိတ်ဖက်အဖွဲ့ (CAT )

၁၆ရက်ဇူလိုင်လ, ၂၀၁၈

**မြန်မာနိုင်ငံရှိ GEF ၏ထိန်းသိမ်းရေးစီမံကိန်းသည်ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးကိုချိုးဖောက်နေခြင်း**

မြန်မာနိုင်ငံ၊ တနင်္သာရီတိုင်းမှာအကောင်အထည်ဖော်မည့် GEF ၏ တောင်တန်းများဆီမှ သန္တာကျောက်တန်းများစီသို့ စီမံကိန်းသည် ဒေသခံကရင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဖြစ်သော လွတ်လပ်သော၊ ကြိုတင်အသိပေး တိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း (FPIC) အားချိုးဖောက် နေသောကြောင့် တနောသရီသဘာဝထိန်းသိမ်းရေးဆိုင်ရာမဟာမိတ်ဖက်အဖွဲ့ (CAT) မှ တိုင်ကြားစာကို ၂၀၁၈၊ ဇူလိုင်လ၊ ၁၆ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ ဤကြီးမားကျယ်ပြန့်သော သဘာဝထိန်းသိမ်းရေး စီမံကိန်းသည် ထောင်ချီသော ကရင်ဌာနေတိုင်းရင်းသားများ၏မြေယာနှင့် သဘာဝအရင်းအမြစ်မှ အခွင့်အရေးကို ခြိမ်းခြောက် နေသည်။ တောင်တန်းများဆီမှ သန္တာကျောက်တန်း များစီသို့ ကနဦးအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ၊ ၁၇ရက်နေ့တွင် ကျင်းပရန်ပြင်ဆင်နေသော်လည်း ဒေသခံဌာနေတိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးမှုမရှိပေ။ တောင်တန်းများဆီမှ သန္တာကျောက်တန်း များစီသို့စီမံကိန်းကြောင့်ထိခိုက်မှုရှိလာမည့်ဒေသခံများနှင့် လွတ်လပ်သော၊ ကြိုတင်အသိပေးတိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း (FPIC) ဆောင်ရွက်မှုမပြုနိုင်သေးသ၍ ဤစီမံကိန်း ဆက်လက်အကောင်အထည်ဖော်မှုမပြုလုပ်ရန် GEF အား CAT မှအသိပေးပြောကြားလိုပါသည်။ လွတ်လပ် သော၊ ကြိုတင်အသိပေး တိုင်ပင်မှုနှင့် လူထုသဘောထားရယူခြင်း FPIC လုပ်ဆောင်မှုကို လစ်လျူရှုပြီး တောင်တန်းများဆီမှ သန္တာကျောက်တန်းများစီသို့ စီမံကိန်းအား အကောင်အထည်ဖော် မည်ဆိုပါက ဌာနေ တိုင်းရင်းသားများ၏အခွင့်အရေးနှင့် GEF၏ ဘေးကင်းလုံခြုံရေးဆိုင်ရာမူဝါဒ (safeguard)ကို ချိုးဖောက်နေ ခြင်း ဖြစ်သည်ဟု CAT ၏ ညှိနှိုင်းရေးမှူးနော်အယ်ထီးဂါးကပြောကြားခဲ့သည်။ CAT မှ GEF သို့ တိုင်ကြားစာကို အောက်ပါ လင့်ခ်တွင် ဝင် ရောက် ကြည့်ရှုနိုင်ပါသည်။

https://www.iccaconsortium.org/index.php/2018/07/13/stop-the-ridge-to-reef-project-in-burma-myanmar/

US ဒေါ်လာ ၂၁သန်းရှိသော တောင်တန်းများဆီမှ သန္တာကျောက်တန်းများစီသို့စီမံကိန်းသည် မြေဧရိယာ သန်း ပေါင်း ၁.၄၅၂ ဟက်တာ ကို လွှမ်းခြုံသွားမည်ဖြစ်ပြီး အဆိုပါ ဧရိယာသည် တနင်္သာရီတိုင်းဒေသကြီး၏ စုစု ပေါင်း သုံးပုံတစ်ပုံခန့် ရှိသည်။ ဤစီမံကိန်းသည် လေညာအမျိုးသားဥယျာဉ်တည်ထောင်ခြင်းကဲ့သို့ သဘာဝ ထိန်းသိမ်းရေးနယ်မြေများကို ချဲ့ထွင်ရန် ရည်ရွယ်သည်။ ၎င်းသည် ကရင်ဌာနေတိုင်းရင်းသားများအား ၎င်းတို့ ဘိုးဘွားစဉ်ဆက် နေထိုင်လာခဲ့သည့်နယ်မြေများမှ ဖယ်ထုတ်ခံရမည်ကိုစိုးရိမ်ရပါသည်။

လေညာဒေသမှ ကျေးရွာခေါင်းဆောင်ဖြစ်သူ စောမင်းရင်မှ "အမျိုးသားဥယျာဉ်ဖြစ်လာမည်ဆိုပါက ကျွန်တော်တို့မည်သို့အသက်ရှင်ရပ်တည်မည်နည်း" ဟု မေးခွန်းထုတ်ထားသည်။ ထို့အပြင် ပြည်တွင်း စစ်ပဋိပက္ခကြောင့်ထွက်ပြေးတိမ်းရှောင်နေရသောဒုက္ခသည်နှင့် IDP နေရပ်စွန့်ခွာ တိမ်းရှောင်သူများမှ ၎င်းတို့ ဒေသရှိနေရာဟောင်းသို့ ပြန်လည်နေရာချထားရေးအတွက် ခြိမ်းခြောက်မှုကြီးတစ်ခုဖြစ်လာသည်။ ပြည်တွင်းစစ်ပဋိပက္ခကြောင့်ထွက်ပြေးနေရသောဒုက္ခသည်နှင့် IDP များမိမိတို့၏ ဌာနေဒေသသို့ လုံခြုံစွာ၊ ဆန္ဒရှိစွာနှင့် ဂုဏ်သိက္ခာရှိစွာပြန်လာနိုင်သည်ဟုအာမခံချက်ပေးမှုမရှိခင်အထိ GEF မှ ဤစီမံကိန်းဆက်လက် အကောင်အထည်မပြုရန် CAT ကပြောကြားလိုပါသည်။

ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ မြေယာနှင့် သဘာဝအရင်းအမြစ်တို့ကို မိမိတို့၏ ရှိနှင့်ပြီးသော ရိုးရာဓလေ့ထုံးတမ်းအရ စီမံအုပ်ချုပ်မှုအပေါ် ပံ့ပိုးမှုပြုရန် GEF အား CAT မှ ပြောကြားလိုပါသည်။ အထက်မှအောက်သို့ အသုံးပြုမည့် ထိန်းသိမ်းရေးစနစ်များအစား GEF နှင့် ၎င်းတို့ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အခြားချဉ်းကပ်မှု အသစ်ဖြစ်သော ဌာနေတိုင်းရင်းသားများမှ ၎င်းတို့၏ သစ်တောနှင့် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းကာကွယ်နိုင်သော နည်းလမ်းများကို လုပ်ဆောင်သင့်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေထိုင်သော ကရင်ဌာနေတိုင်းရင်းသားများသည် မိမိတို့၏ သစ်တော နှင့် သဘာဝအရင်းအမြစ်များကို ကြိုးစားထိန်းသိမ်းလာခဲ့သည့်အတွက် အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကအသိအမှတ်ပြုမှုရမည်" ဟု CAT အဖွဲ့ဝင်၊ Southern Youth ၏ ဒါရိုက်တာဖြစ်သော စောစံငွေက ဆိုထားသည်။

**ဆက်သွယ်ရန်**


နော်အယ်ထီးဝါး - ehhteewah@gmai.com 09459254587 (CAT ညှိနှိုင်းရေးမှူး)

စောစံငွေ - sanngwe11@gmail.com 09793958730 (CAT အဖွဲ့ဝင်၊ Southern Youth ၏ ဒါရိုက်တာ)

စောမင်းရင် - 09429413940 (ဒေသခံခေါင်းဆောင်)


**အယ်ဒီတာမှတ်စု**

CAT သည် ကရင်လူထုအခြေပြုအဖွဲ့အစည်း (၆) ဖွဲ့ မှ မိတ်ဖက်ပေါင်းစပ်ထားပြီး ၂၀၁၄ ခုနှစ်တွင် တနင်္သာရီသဘာဝထိန်းသိမ်းရေးမဟာမိတ်ဖက်ဖွဲ့အနေဖြင့် စတင်ခဲ့သည်။ CAT ၏ ရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲများကိုလူသားနှင့်အတူထိန်းသိမ်းကာကွယ်ရန်၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို ကာကွယ်ထိန်းသိမ်းရန်ဖြစ်သည်။ CAT မဟာမိတ်ဖက်အဖွဲ့အစည်းများမှာ

1) တနင်္သာရီမြစ်မကြီးနှင့် ဌါနေတိုင်းရင်းသားများ ကွန်ရက် (TRIP NET)
2) လူထုအခြေပြု ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အသက်မွေးဝမ်းကြောင်းမှု ကော်မတီ (CSLD)
3) တာကပေါ်လူငယ်အဖွဲ့ (TKP)
4) ပန်တာကပေါ် ( CL)
5) တောင်ပိုင်းလူငယ်ဖွံ့ဖြိုးရေးအဖွဲ့ ( SY)
6) ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှု လှုပ်ရှားမှုအဖွဲ့ (KESAN)